ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ကြေညာချက်အမှတ် ( ၅ /၂၀၂၀)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း (၆) ရက်
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ( ၂၂ ) ရက်

**အခွန်ထမ်းပြည်သူများသို့ အသိပေးကြေညာချက်**

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ နောက်ဆုံးထား၍ တင်သွင်းသည့် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေကြေညာလွှာများကို သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးရုံးများတွင် တင်ပြီး ကြေညာလွှာ လက်ခံဖြတ်ပိုင်း (ပတခ(၀၈)-၁) ရပါက လူကိုယ်တိုင် စောင့်ဆိုင်းစရာ မလိုတော့ပါ။ စိစစ်မှုများကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့အထိ ဆက်လက်စိစစ်၍ လိုအပ်လျှင် တယ်လီဖုန်းဖြင့် သော်လည်းကောင်း၊ အခြား အီလက်ထရောနစ်စနစ်ဖြင့် သော်လည်းကောင်း၊ လူတွေ့၍သော်လည်းကောင်း ဆောင်ရွက်ပြီး ငွေသွင်းချလန်များကို ထုတ်ပေးမည်ဖြစ်ပါသည်။ ယင်းသို့ တင်သွင်းလာသည့် အခွန်ထမ်းများအနေဖြင့် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါ သက်သာခွင့်များကို ခံစားနိုင်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန